## အဓိကအချက်များ

1. ခေါင်းဆောင်တို့ကိုယ်တိုင်က စံနမူနာပြ စတင် ပြုပြင်ပြောင်းဖို့ လိုအပ်နေသည်။
2. အင်အားစုနှစ်ရပ်သည် တဘက်ကို အခြားတဘက်က အပြုတ်တိုက်ခြင်းဖြင့် တိုင်းပြည်၏ အရင်းအမြစ် စွမ်းအားများကို ဖြုန်းတီးပစ်ရာရောက်သည်။ ဤအချက်ကို နှစ်ဘက်စလုံးက လေးနက်စွာ စဉ်းစားဆင်ခြင်၍ လက်ခံကြဖို့က အရေးပါဆုံး လိုအပ်ချက် ဖြစ်သည်။
3. တဘက်နှင့်တဘက် ခြားနားသော နိုင်ငံရေးစရိုက်သဘာဝ ရှိသော်လည်း လူသားအရင်းအမြစ်များ ဖြစ်သည့်အားလျော်စွာ အမျိုးသားအကျိုးစီးပွားအတွက် အလိုအပ်ဆုံးအချိန်၌ ပေါင်းစပ်နိုင်သော အင်အားစုကြီး နှစ်စုလည်း ဖြစ်သည်။
4. လက်ရှိအခြေအနေများအား အမှန်ကို အမှန်အတိုင်း ရှုမြင်သုံးသပ်ရန် လိုအပ်နေသည်။
5. တနိုင်ငံလုံး အတိုင်းအတာဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို တော်တည့်မှန်ကန်စွာ လုပ်ဆောင်ပေးဖို့ လိုအပ်နေသည်။
6. မိမိဘက်ခြမ်းတွင် အရင်ဆုံး စိတ်ချလုံခြုံမှ အခြားဘက်ခြမ်းအတွက် စဉ်းစားပေးနိုင်မည် ဆိုသော အတ္တစိတ်ကို လျှော့ချရန် လိုအပ်နေသည်။
7. အခြားတဘက်က မိမိအား ရန်ငြိုးဖြင့် ကလဲ့စားချေလိမ့်မည် ဟူသော သံသယနှင့် စိုးရိမ်စိတ်များကိုလည်း ဖျောက်ဖျက်ရန် လိုအပ်နေသည်။
8. ငါသာလျှင် လုပ်နိုင်သည်၊ ငါလုပ်တာမှန်သည်ဟု အထင်ရောက်သည့် မာန်မာနကို ချိုးနှိမ်ရန် လိုအပ်နေသည်။
9. မိမိထက်ပို၍ တော်တည့်မှန်ကန်အောင် လုပ်နိုင်စွမ်းရှိလျှင် ပုခုံးပေါ်ထမ်းတင်ပေးမည့် စိတ်ထား မြင့်မြတ်မှုများ ရှိနေရန် လိုအပ်နေသည်။
10. မြန်မာလူမျိုးတို့သည် တဦးအပေါ်တဦးက ခွဲခြားနှိမ့်ချခြင်း မရှိပဲ အပြန်အလှန် လေးစားတတ်သည့် နိုင်ငံရေး စရိုက်သဘာဝမျိုး ရှိရန် လိုအပ်နေသည်။
11. နအဖအဖို့ မြန်မာနိုင်ငံနှင့်နိုင်ငံသားတို့၏ အခြေခံလိုအပ်ချက်များကို ပြုပြင်ပြောင်းလဲခြင်းမရှိသရွေ့ ရွေ့တလှမ်း လှမ်းလိုက်တိုင်း တိုင်းပြည်ပြိုကွဲရန် ပိုမို နီးစပ်လာနေသည်ကို သတိချပ်သင့်သည်။
12. တဦး-တဖွဲ့ အလိုကျ နိုင်ငံရေးပုံစံမျိုးကို ဇွတ်အတင်း သွတ်သွင်းရန် ကြိုးပမ်းမှုများကို မြန်မာနိုင်ငံသားတို့၏ နိုင်ငံရေး ရင့်ကျက်မှုများနှင့် ကမ္ဘာ့ဒေသတွင်းရှိ နိုင်ငံရေးအခြေအနေများက အချိန်မီ တားဆီးသွားနိုင်စရာ ရှိနေပေလိမ့်မည်။
13. ပဋိပက္ခများကို ရှောင်ရှား၍ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းသာလျှင် အကျိုးစီးပွားများ စတင်ဖြစ်ထွန်းလာဖို့ ရေသောက်မြစ် ဖြစ်သည်။
14. နှစ်ဘက်စလုံးက အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်သည် ဆိုသည့် နိုင်ငံရေးစိတ်ဓါတ်ကို အခြေခံနိုင်ဖို့ လိုအပ်နေသည်။
15. ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာသည့် ရည်မှန်းချက်မျိုး အတူတူထားနိုင်ရန် လိုအပ်နေသည်။
16. နှစ်ဘက်စလုံးက စစ်မှန်သည့် အပြုသဘောကို လက်တွေ့ကျကျ အခြေခံ၍ တွေ့ဆုံဆွေးနွေးရန် လိုအပ်နေသည်။